## လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသော ကရင်နီပြည်၏စစ်ရေး နှင့် နိုင်ငံရေးအခြေအနေများအပေါ် အရပ်ဖက်အဖွဲ့အစည်းများ၏ ရပ်တည်ချက်သဘောထား

ရက်စွဲ - ၂၀၂၄ ခုနှစ် ၊ မေလ ၊ ( ၂၀ ) ရက် ။

ကရင်နီပြည်၏စစ်ရေး နှင့် နိုင်ငံရေးဆိုင်ရာဖြစ်ပေါ်ပြောင်းလဲနေသောအခြေအနေများကို သုံးသပ်သည့် ဆွေးနွေးပွဲတစ်ရပ်အား ထိုင်းနိုင်ငံတစ်နေရာတွင် အရပ်ဖက်အဖွဲ့အစည်းပေါင်း( ၂၀ )ဖွဲ့ ကိုယ်စားလှယ်စုစုပေါင်း ၃၈ (ကျား-၂၀ ၊ မ - ၁၈) ဦးဖြင့် (၃)ရက်ခန့်ကြာကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် လက်ရှိကရင်နီပြည်တွင် ဖြစ်ပေါ်ပြောင်းလဲနေသော စစ်ရေး ၊ နိုင်ငံရေး ၊ အရပ်ဖက်အဖွဲ့အစည်းများ၏စုဖွဲ့မှု နှင့် လုပ်ငန်းဖော်ဆောင်မှုအခြေအနေများ၊ စစ်ဘေးရှောင်လူထုများ၏အရေး၊ အရပ်သားလုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် လူမှုစီးပွားရေး စသည့်အရေးကိစ္စများကို သုံးသပ်ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသော ကရင်နီပြည်နိုင်ငံရေးအပေါ် ကရင်နီပြည်ရှိ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် အောက်ပါအတိုင်းရပ်တည်ဆောင်ရွက်သည်။

၁) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) အား မိမိတို့ပြည်နယ်၏ ကြားကာလအစိုးရအဖြစ် အသိအမှတ်ပြုသည်။

၂) ကရင်နီပြည်ရှိအရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် တော်လှန်ရေးကာလတွင် ပြည်နယ်ရှိလူထုများ၏ ပညာရေး ၊ ကျန်းမာရေး ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားရေးစသည့်အခန်းကဏ္ဍများတွင် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် လမ်းကြောင်းများဆွေးနွေးဖော်ထုတ်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်။

၃) တော်လှန်ရေးကာလတွင် ခက်ခဲနေသောလူထုများ၏အရေးကိစ္စများဆောင်ရွက်ရာတွင် ပြည်တွင်း နယ်စပ်ရှိအရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာရောက်ကရင်နီအင်အားစုများအကြား ဆက်စပ်ဆောင်ရွက်မှု နှင့် အားကောင်းသောပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်။

### ကရင်နီပြည်အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာအစုအဖွဲ့များအား တိုက်တွန်းတောင်းဆိုချက်များ -

### (က) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ

၁) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကဏ္ဍအလိုက်လုပ်ငန်းများဖော်ဆောင်ရာတွင် အရပ်ဖက်အဖွဲ့အစည်းများ ၊ လူထုများနှင့် တွေ့ဆုံနိုင်သည့် အစီအစဉ်များပိုမိုလုပ်ဆောင်ရန်။

၂) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ နှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအနေဖြင့် ပြည်နယ်အတွင်းရှိလူထုများ၏ လူ့အခွင့်အရေးကိစ္စရပ်များ၊ အမျိုးသမီးနှင့်ကလေးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကာကွယ်သည့်လုပ်ငန်းစဉ်များအား အလေးထားဆောင်ရွက်ပေးရန်။

၃) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီအနေဖြင့် သက်ဆိုင်ရာအစုအဖွဲ့များနှင့်တွေ့ဆုံညှိနိုင်း၍ ဒေသန္တရအုပ်ချုပ်ရေးယန္တရားများအား ပီပြင်စွာဖော်ဆောင်ပေးရန်။

၄) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီအနေဖြင့် အရပ်သားဘေးကင်းလုံခြုံရေးအတွက် ကနဦးသိရှိခြင်းနှင့်ကြိုတင်တုန့်ပြန်ဆောင်ရွက်ခြင်း (Early Warning and Early Response) လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်ပေးရန်။

၅) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကြားကာလအစီအမံတွင် ချမှတ်ထားသည့် မူအရ အနည်းဆုံးအမျိုးသမီး (၃၀) ရာခိုင်နှုန်းပါဝင်မှုကိုလက်တွေ့ဖော်ဆောင်ရာတွင် အထူးလုပ်ဆောင်ချက်အစီအမံများကို တိုးမြှင့်လုပ်ဆောင်ပေးရန်။

၆) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ နှင့် လက်နက်ကိုင်အင်အားစုများအနေဖြင့် ပြည်နယ်အတွင်းရှိ KTV၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားများအား မူဝါဒနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ပေးရန်။

**(ခ) လက်နက်ကိုင်တော်လှန်ရေးအင်အားစု**

၁) လက်နက်ကိုင်တော်လှန်ရေးအစုအဖွဲ့များအနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားရေးလုပ်ငန်းများဖော်ဆောင်ရာတွင် လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်ပြုရန်၊ သတင်းအချက်အလက်နှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုဆောင်ရွက် ကူညီဆောင်ရွက်ပေးရန်။

၂) လက်နက်ကိုင်တော်လှန်ရေးအစုအဖွဲ့များအနေဖြင့် အရပ်သားလုံခြုံမှုအရေးကိစ္စများကို အလေးထားသည့် စစ်ဥပဒေများနှင့်အညီ ထိရောက်စွာတိုးမြှင့်လိုက်နာကျင့်သုံးပေးရန်။

၃) ပြည်နယ်တွင်း လက်နက်ကိုင်တော်လှန်ရေးအစုအဖွဲ့များအကြား စည်းလုံးညီညွတ်မှုကိုရှေးရှုပြီး ပုံမှန်တွေ့ဆုံသည့်အစီအစဉ်များ ပိုမိုလုပ်ဆောင်ရန်။

၄) စစ်ရေးဖော်ဆောင်မှုများပြုလုပ်ရာတွင် အရပ်သားလူထုများကြုံကြိုက်တောင့်ခံနိုင်သည့် အဝန်းအဝိုင်းကိုထိခိုက်မှု အနည်းဆုံးဖြစ်စေရေးကိုဦးစားပေးရန်။

၅) လက်နက်ကိုင်တော်လှန်ရေးအစုအဖွဲ့များအနေဖြင့် ပြည်သူလူထုများ၏ အသက်အိုးအိမ်စည်းစိမ်များအား ကာကွယ်စောင့်ရှောက်ပေးရန်။

**(ဂ) နိုင်ငံတကာအဖွဲ့အစည်းများ**

၁) နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားရေး အခန်းကဏ္ဍများ အားပံ့ပိုးကူညီရာတွင် ဒေသပြုမှု (Localization) ဦးတည်၍ ဒေသခံအရပ်ဖက် အဖွဲ့အစည်းများ နှင့် တိုက်ရိုက်သွားရန်။

၂) နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားရေး လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် စစ်ကောင်စီနှင့် ချိတ်ဆက်ဆောင်ရွက်မှုမပြုလုပ်ရန်။

**ကရင်နီပြည်အရပ်ဖက်အဖွဲ့အစည်းများ**

ဆက်သွယ်ရန် - phone/signal - +၆၆ ၉ ၆၄၀ ၁၀၈ ၃၈
signal - +၉၅ ၉ ၇၉၁၉၇၅၅၄၇